

# ခင်မြဇင်

## ရွှေဘုံစံ၏ အလင်းပျောက်ညများ

# အခန်း(၁)

အပျော်တမ်း ပန်းချီဆရာလေး ငြိမ်းလွင်ဦးသည် သူအပြီးသတ် အချောကိုင်ပြီးသွားသော "ပိတောက်ချစ်သူ" ပန်းချီကားချပ်ကြီးကို ကြည့်ကာ နှလုံးကိုပီတိဖုံး၍ မျက်နှာကြီးက ပြုံးနေပါ၏။

"လှလိုက်တဲ့ ယဉ်မိုးလေး၊ မျက်စိကို မခွာချင်ဘူး၊ ဒီပန်းချီကားက တော့ စွံမှာ သေချာတယ်"

ငြိမ်းလွင်ဦးတစ်ယောက် ကျေနပ်အားရနေမိစဉ် ....

"ဟိတ်...."

နောက်ကနေ တစ်ဦးတစ်ယောက်က ခြောက်လှန့်လိုက်သည် ။

"အာ...လန့်လိုက်တာ ယဉ်မိုးရယ်"

"ကလူ...ကလူ...လိပ်ပြာလေးပြန်လာခဲ့...ပြန်လာခဲ့"

"သိပ်ဆိုးတဲ့ ကောင်မလေး၊ သူများကို နောက်ရမယ်ဆိုရင် နှစ်ယောက်မရှိဘူး"

ငြိမ်းလွင်ဦးက ယဉ်မိုးသူ၏ နဖူးကလေးကို မနာအောင် ချစ်စနိုး ထုလိုက်သည် ။

ဆွဲလဲသံကလေး လှုပ်ခါသွားသည့် နှယ် မိန်းမချောကလေး ယဉ်မိုးသူက ရယ်လိုက်သည် ။

"ယဉ်မိုးလေး ကြည့်စမ်း၊ ပန်းချီကားကြီးက မလှဘူးလားဟင်"

"အွန်း… လှလွန်းလို့ ကိုယ့်ပုံတူမှ ဟုတ်ရဲ့ လားလို့ တောင် သံသယဖြစ်မိတယ်မောင်"

ပန်းချီကားချပ်အနီးသို့ တိုးကပ်ကြည့်ပြီး ယဉ်မိုးသူက ငြိမ်းလွင်ဦးကို သမင်လည်ပြန်ကလေး ကြည့်ကာ ပြောလိုက်သည် ။

"ယဉ်မိုးကလေးက အပြင်မှာ ဒီထက်မကလှပါတယ်ကွာ၊ မောင့်မှာ မနည်းကြီးတူအောင် ကြိုးစားဆွဲထားပေမယ့် ဟောဒီအပြင်က ယဉ်မိုးကလေးအလှကို မမီနိုင်ပါဘူး၊ မောင့် ယဉ်မိုးကလေးက ဘယ်ပန်းချီရေးလို့ မမီဆိုတဲ့ သူမျိုးလေး သိရဲ့ လားဗျ"

ယဉ်မိုးသူ၏ ပခုံးလုံးလုံးကလေးနှစ်ဖက်ကို အသာကိုင်ရင်း ငြိမ်းလွင်ဦးက ပြောလိုက်သည် ။

ယဉ်မိုးသူသည် "ပိတောက်ချစ်သူ" ပန်းချီကားချပ်ထဲက ပိတောက်တွေ ဦးခေါင်းဝေနေအောင် ပန်ဆင်ထားပြီး လက်ကလည်း ပိတောက်ပန်းတွေကို တစ်ပွေ့တစ်ပိုက်ကြီး ကိုင်ဆောင်ထားနေသော သူ့ပုံတူကိုကြည့်ပြီး ကျေနပ်ကြည်မွေ့မဆုံး ဖြစ်နေသည် ။

"ဟော…အသံတွေ ကြားနေမှတ်တယ်၊ မိန်းကလေး ရှင်ယဉ်မိုး ရောက်နေသကိုး၊ အတော်ပဲ…အတော်ပဲ၊ ဆယ့်နှစ်မျိုးဂျင်းသုပ် သုပ်နေတာ၊ စားပြီးမှ ပြန်"

"ဒေါ်လေးတင်…ယဉ်မိုး ဘာကူရဦးမလဲ"

"နေ…နေ၊ အခုပဲ ပြီးတော့မှာ ၊ သမီးအစ်ကိုနဲ့ စကားပြောနေကြ"

ငြိမ်းလွင်ဦး၏ မိခင် ဒေါ်အေးတင်သည် နောက်ကြောင်း ပြန်လှည့်သွား၏။

“ယဉ်မိုးလေး ဘာမှ စိတ်မပူနဲ့ သိလား၊ ရှေ့နှစ်ဝါကျွတ်ရင် မောင်တို့ လက်ထပ်နိုင်မှာ ပါ၊ မောင်ကတော့ စိတ်ထဲမှာ သိနေတယ်၊ မောင်ဝါသနာပါတဲ့ ဒီပန်းချီလုပ်ငန်း အောင်ကို အောင်မြင်မယ်လို့ ”

“ယဉ်မိုးလည်း ဆုတောင်းပါတယ်၊ မောင်နဲ့ ခွဲမနေချင်တော့ဘူး၊ မောင်အဆင်ပြေမှ ယဉ်မိုးတို့ နီးစပ်မှာ မဟုတ်လား”

“ယဉ်မိုးလေး သိပ်မစောင့်ရတော့ပါဘူးကွာ၊ မောင့်ကို ဆရာစန်းဇော်တို့ က အရမ်းအားပေးနေတာ၊ မောင်အရင်က ဆွဲထားတဲ့ ပန်းချီလေးငါးချပ်လည်း ရောင်းထွက်သွားတော့ သူတို့ အားတက်နေကြတယ်၊ မောင်ကလည်း အရမ်းကို စိတ်ကူးယဉ်ထားတာ၊ လုပ်ငန်းအောင်မြင်တာနဲ့ အလုပ်နဲ့ နီးနီး ရန်ကုန်မှာ ပဲ ဆင်းနေမယ်၊ ယဉ်မိုးလေးကိုလည်း တစ်ခါတည်းလက်ထပ်ပြီး ခေါ်သွားမယ်”

“ဟွန်း…မောင့်မေမေကျတော့ကော ဒီမှာ ထားခဲ့မှာ လား”

“ဒီကိစ္စ မေမေနဲ့ မောင် ကြိုတင်တိုင်ပင်ထားပြီးသား၊ မေမေက ဖေဖေ ခေါင်းချသွားတဲ့ နေရာကနေ ဘယ်မှ မသွားဘူးတဲ့ ၊ ပဲခူးနဲ့ ရန်ကုန် နေ့ချင်းပြန် သွားလို့ ရတဲ့ ခရီး၊ မေမေ့အတွက် စိတ်မပူနဲ့ တဲ့ ၊ သူ ဒီအိုး၊ ဒီအိမ်ကလေးမှာ ပဲ အသက်နဲ့ ခန္ဓာတည်သရွေ့ နေမှာ တဲ့ ဗျ”

ယဉ်မိုးသူက ခေါင်းကလေးတညိတ်ညိတ်နှင့် သူ အသက်မက ချစ်ရသူ ငြိမ်းလွင်ဦးပြောသမျှကို နားထောင်နေသည် ။

မကြာခင်တွင် ဒေါ်အေးတင်သည် လင်ပန်းတစ်ချပ်တွင် ဂျင်းသုပ်တစ်ပွဲနှင့် အကြမ်းအိုးကိုတင်ကာ ရောက်ရှိလာသည် ။

“ကဲ….စားကြ…စားကြ၊ ဂျင်းသုပ်က ကောင်းမှ ကောင်းပဲဟေ့”

ငြိမ်းလွင်ဦးနှင့် ယဉ်မိုးသူတို့ ၏ ရှေ့တွင် ချပေးလိုက်သည် ။

“မေမေ....ဟိုမှာ ကြည့်ပါဦး၊ သား ပန်းချီကားချပ်ကြီး ပြီးသွားပြီ”

“အဲ....ဟုတ်ပ၊ လှလိုက်တဲ့ ပန်းချီကားကြီး၊ သားက တော်လိုက်တာ လွန်ပါရောကွယ်”

“သားတော်တာ မဟုတ်ပါဘူး၊ ပန်းချီ အဆွဲခံတဲ့ ဟောဒီက ယဉ်မိုး ကလေးက လှနေလွန်းလို့ ပါ”

“သိပ်လှတဲ့ သူကို သိပ်လှအောင် ပန်းချီဆွဲနိုင်တာ အမေ့သား တော်လို့ ပေါ့ကွယ်”

“မေမေကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေလိုက်တာဗျာ၊ အဟင်း.... ဟင်း...ဟင်း”

“ကဲ....မောင်နှမနှစ်ယောက် စကားပြောရင်း စားကြ၊ မေမေ ဆေး လိပ် လိပ်လိုက်ဦးမယ်”

ဒေါ်အေးတင်သည် ပန်းချီခန်းတွင် သူ့သား ငြိမ်းလွင်ဦးနှင့် ယဉ်မိုး သူကို ထားရစ်ခဲ့ကာ ဧည့်ခန်းထဲသို့ ထွက်ခွာသွားသည် ။

“ယဉ်မိုးလေး....စား”

ဂျင်းသုပ်ပန်းကန်ကို ယဉ်မိုးသူ၏ ရှေ့သို့ချပေးပြီး ရေနွေးကြမ်းတစ် ခွက်ကို ငှဲ့ပေးနေပြန်၏။

“မောင်”

“ဘာလဲဟင်....ယဉ်မိုး”

“မောင် ဘယ်တော့လောက် ရန်ကုန်ကိုသွားမှာ လဲဟင်”

“မောင်က ဒီလကုန်ကတည်းကသွားပြီး ပန်းချီပြခန်းအတွက် ဆရာ စန်းဇေါ်တို့ ကို ဝင်ကူပြီး ပြင်ဆင်ပေးရမယ်လေ....ဘာဖြစ်လို့ လဲဟင်”

"ယဉ်မိုးတစ်ယောက်တည်း ကျန်ခဲ့ရမှာ ၊ စဉ်းစားတာနဲ့ တောင် မနေတတ်ဘူး"

"ယဉ်မိုးလေးရယ်၊ မောင်လည်း ယဉ်မိုးလေးကို ဘယ်ခွဲပြီး သွားချင်ပါ့မလဲ၊ ဒါ မောင်တို့ ရှေ့ရေးအတွက် ရင်းနှီးကြိုးစားရတဲ့ ကိစ္စပဲလေ၊ မောင့်ကို သတိရရင် မောင့်လုပ်ငန်းတွေ အဆင်ပြေပါစေလို့ ဘုရားကြီးမှာ တစ်ချိန်လုံး ဆုတောင်းပေးနေနော်"

ညှိုးလျလျအသွင်ကလေးဖြင့် ယဉ်မိုးသူက ခေါင်းကလေးညိတ်ပြသည် ။

"ကြိုပြီးတော့ စိတ်မကောင်းဖြစ်မနေနဲ့ ၊ အိပ်ရေး ဝအောင်အိပ်၊ အစား ကောင်းကောင်း စား၊ ယဉ်မိုးလေး ကျန်းမာမှ ဖြစ်မှာ ၊ သိလားဟင် ယဉ်မိုး"

ချစ်သူ၏ လက်ကလေးများကို သူ့လက်ဖြင့်အုပ်မိုး၍ အသာကိုင်ထားကာ ချစ်ရည်ရွှမ်းသော မျက်ဝန်းများ ဖြင့် ငြိမ်းလွင်ဦးသည် ယဉ်မိုးသူ၏ ဖွေးဖွေးသန့်မျက်နှာလှလှကလေးကို ကြည့်နေ၏။

ယဉ်မိုးသူသည် သူ့ဦးခေါင်းကလေးကို ချစ်သူ၏ ရင်ခွင်တွင် တိုးကပ်၍ ထားလိုက်သည် ။ ငြိမ်းလွင်ဦးကလည်း အသာဖွဖွ ချစ်သူ၏ ကိုယ်ကလေးကို ဖက်ထားလိုက်ပြီး သူ့လက်ရာ ပန်းချီကားချပ်ကြီးကို ကြည့်နေ၏။

တစ်ဦးကိုတစ်ဦး သိပ်ချစ်ကြသော ချစ်သူနှစ်ဦးသည် တူနှစ်ကိုယ် ပေါင်းရမည့် အရေးကိုတွေးကာ ကြည်နူးနေမိကြလေ၏။

*

# အခန်း (၂)

"အဟွတ်....အဟွတ်....အဟွတ်"

ယဉ်မိုးသူ လှေကားတစ်ဝက်အရောက်တွင် ဖခင်ဖြစ်သူ၏ ချောင်းဆိုးသံကြီးကို ကြားလိုက်ရသဖြင့် ရုတ်ခြည်းစိတ်ဓာတ်ကျဆင်းကာ ညှိုးငယ်သွားရှာသည်။

သူ့ရှေ့ရေးအတွက် ရင်မှာ ကြည်နူးစိတ်တွေ ထွေးပိုက်၍ လာခဲ့သမျှအားလုံး လေမှာ လွင့်စင်ပျောက်ကွယ် သွားရပါ၏။

"အဖေကလည်း မသက်သာပါလား၊ အခုတစ်လော ချောင်းတွေ ပိုပိုဆိုးလာတယ်၊ အဖေ့အတွက် ငါ စိတ်ပူလိုက်တာ"

လှေကားထစ်များ ပေါ်သို့ အပြေးကလေးတက်ခဲ့ရာ ဧည့်ခန်းထဲရှိ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် အဖေက ထိုင်နေကာ အမေလေးက အဖေ့ရှေ့တွင် ထွေးခံကို ခံထားပေးသည်။

"ပေး....ပေး....အမေလေး၊ ယဉ်မိုး ကိုင်ထားပေးမယ်"

"ရတယ်၊ သမီး ထမင်းသွားစားတော့၊ ချဉ်ရည်ဟင်း နွှေးထားတာတောင် အေးလုနေပြီ"

"ယဉ်မိုးအခုပဲ ဒေါ်လေးတင်တို့ ဆီက ဂျင်းသုပ်စားလာလို့ မဆာသေးဘူး"

"သမီးလေးကလည်း ထမင်းစားချိန်မှန်ရတယ်၊ တော်ကြာ အစာအိ

မ်နာတွေဘာတွေ ဖြစ်နေဦးမယ်”

“ဟုတ်တယ်သမီး၊ ထမင်းစားချိန်တော့ မှန်ရမယ်”

အဖေကပါ သူ့မိန်းမစကားကို ထောက်ခံလိုက်သည် ။

“ပြန်လှဲမလား အစ်ကိုကြီး”

“အင်း....”

ယဉ်မိုးသူနှင့် သူ့မိထွေး ဒေါ်မြင့်မြင့်သန်းတို့ က ဦးမြင့်သူကို ပြန်လှဲပေးလိုက်ကြသည် ။

“သမီး ထမင်းသွားစား”

“အမေလေးကော စားပြီးပြီလား”

“အမေလေး နောက်မှ စားမယ်၊ သမီး အရင်သွားစားချည်”

“ဒါနဲ့ ပဲ ဒီသားအမိနှစ်ယောက်စလုံး ဒီညထမင်းစားဖြစ်ပါတော့မလား”

ဦးမြင့်သူက လေသံတင်းတင်းဖြင့် ဝင်ပြောလိုက်တော့မှ ယဉ်မိုးသူသည် ဇက်ကလေးပုကာ မီးဖိုချောင်ဆီသို့ အပြေးအလွှား ထွက်ခွာသွားတော့သည် ။

အမေလေးသည် ထမင်းစားပွဲတွင် သူအသင့်စားဖို့ ထမင်းပွဲကို ပြင်ဆင်ပြီး အုပ်ဆိုင်းထားပါသည် ။

အမေလေး၏ လက်ရာ ထမင်းဟင်းလျာများက စားချင်စဖွယ်ပါ။

ငါးဥဟင်း၊ မုန်ညင်းဖူးချဉ်ရည်၊ ငါးပိ၊ တို့ စရာတို့ ဖြင့် ဖွယ်ဖွယ်ရာရာ....

အမေလေးသည် ချို့ချို့ချန်ချန်ကလေးဖြင့် စားကောင်းအောင် စီမံချက်ပြုတ်တတ်ပါသည် ။

အိမ်ထောင်မှု အထိန်းအသိမ်းလည်း ကောင်းလှသော အိမ်ရှင်မကောင်းတစ်ယောက်လည်း ဖြစ်ပါသည် ။

ယဉ်မိုးသူ၏ မေမေ ဆုံးသွားပြီးနောက် ဖေဖေ နှစ်ခါလည်သာသာ ကျန်ရစ်ခဲ့ရသော ယဉ်မိုးသူကလေးအတွက် ဘေးပတ်ဝန်းကျင်က ဝိုင်းဝန်းတိုက်တွန်းသဖြင့် ငယ်သူငယ်ချင်းဖြစ်သော မြင့်မြင့်သန်းကို အဖေက အိမ်ထောင်ပြုလိုက်သည် ။

ဒေါ်မြင့်မြင့်သန်းသည် အဖေ့အတွက် ဇနီးကောင်းတစ်ယောက်ဖြစ်သကဲ့သို့ လူမမယ် သမီးကလေး ယဉ်မိုးသူအပေါ်တွင် လည်း စိတ်ကောင်းစေတနာ ကြီးစွာထားကာ မိခင်ရင်းနှင့် မခြား ပြုစုစောင့်ရှောက်ထိန်းကျောင်းလာခဲ့သည် မှာ ယခုထက်တိုင်ပင်။ ထို့ကြောင့် လည်း အမေလေးကို ယဉ်မိုးသူသည် မိခင်ရင်းကဲ့သို့ ချစ်ခင်မြတ်နိုးခဲ့ပါသည် ။

ဒေါ်မြင့်မြင့်သန်းအတွက် ဟင်းကိုဦးချနေစဉ် ထမင်းစားခန်းထဲသို့ ဒေါ်မြင့်မြင့်သန်း ဝင်လာသည် ။

"အစ်ကိုကြီးမှ ိန်းနေလို့ မေမေလေးလည်း တစ်ခါတည်း စားလိုက်တော့မယ်"

ဒေါ်မြင့်မြင့်သန်း ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည် ။ ယဉ်မိုးသူက သူ့မေမေလေးအတွက် မှောက်ထားသော ထမင်းပန်းကန်ကို လှန်ပေးလိုက်သည် ။

"သမီး ပန်းချီကားကြီး ဒီနေ့ ပြီးသွားပြီ မေမေလေး"

"ဟေ...ဟုတ်လား၊ မနက်စျေးသွားမှ ဝင်ကြည့်ရဦးမယ်၊ အရမ်းလှ

တာပဲလားဟင် သမီး”

“အရမ်းကို လှတယ် မေမေလေးရဲ့ ”

“မေမေလေးသမီးက သိပ်ချော၊ သိပ်လှနေတော့ ပန်းချီကားမှာ လည်း လှမှာ ပေါ့ကွယ်”

“မောင်…အဲ…အဟင်း ကိုကိုငြိမ်းလွင်ကလည်း သိပ်ကို အားတက်နေတာ၊ ဒီပန်းချီကားကြီးကို သူ သိပ်အားရနေတယ်၊ ပေါက်ထွက်သွားမယ်လို့ လည်း မျှော်လင့်နေတယ်”

“ဖြစ်မှာ ပါကွယ်၊ ဒီသူငယ်က ကြိုးစားအားထုတ်မှုကြီးတယ်၊ ဒါနဲ့ သမီးလေးကို မေးရဦးမယ်၊ သမီးနဲ့ မောင်ငြိမ်းလွင် ကိစ္စက ဘယ်လိုလဲ”

“ဟို…သူမျှော်မှန်းထားတဲ့ အတိုင်းဖြစ်လာရင် ရန်ကုန်မှာ အခြေချပြီး ယဉ်မိုးကို လက်ထပ်မယ်တဲ့ မေမေလေး”

“ရှေ့ရေးအတွက် စဉ်းစားထားကြတာတော့ ကောင်းပါတယ်၊ ဒီကြားထဲမှာ တော့ တက္ကသိုလ်တွေပြန်ဖွင့်ရင် သမီးလေး ကျောင်းပြန်တက်ပါလား၊ မေမေလေးက သမီးကို ဘွဲ့ရပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်တယ်၊ အချိန်တွေကို အလဟဿမကုန်စေချင်ဘူး၊ ငွေရေး၊ ကြေးရေးအတွက် ဘာမှ မပူနဲ့ ၊ မေမေလေးစက်ချုပ်တာ သမီးကိုတော့ ကျောင်းထားဖို့ ကောင်းကောင်း ရတယ်၊ ဘယ့်နှယ့်လဲဟင် သမီး”

“သမီး တက္ကသိုလ်ဆက်တက်မှာ ပါ မေမေလေး”

“အို…ဝမ်းသာလိုက်တာကွယ်၊ သမီး ဖေဖေလည်း ဒီအကြောင်းကို သိရင် သိပ်ကိုဝမ်းသာမှာ ”

မိမိအပေါ် စိတ်ကောင်းစေတနာရှိလှသော မိထွေးကို ယဉ်မိုးသူသည် နှစ်လိုဖွယ်ရာကလေး ပြုံးပြလိုက်သည် ။

*

# အခန်း (၃)

ငြိမ်းလွင်ဦးကို ပေးလိုက်ဖို့ ငါးပိကြော်၊ ငါးခြောက်ထောင်းကြော်နှင့် သရက်သီးကုလားတည် ပုလင်းများကိုထည့်ရင်း ယဉ်မိုးသူသည် တရှုံ့ရှုံ့ ငိုနေ၏။

ဒေါ်မြင့်မြင့်သန်းက ပင့်သက်ရှိုက်ရင်း သူ့သမီး၏ ပခုံးကလေးကို ဖက်လိုက်သည် ။

"သမီးလေးရယ်...ဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်း သွားရတဲ့ ခရီးကို ဒီလိုငိုမနေရဘူးလေ သွားရတဲ့ လူလည်း ဘယ်စိတ်ချမ်းသာမှာ လဲ၊ သမီးလေးက ဒီကနေပြီး သူ့ကိစ္စအဝဝ အောင်မြင်တိုးတက်ပါစေလို့ ဆုတောင်းနေရမှာ မငိုနဲ့ တော့နော်၊ မျက်ရည်တွေ သုတ်လိုက်"

ယဉ်မိုးသူက လက်ဖမိုးကလေးဖြင့် မျက်ရည်တွေကို သုတ်ချလိုက်သည် ။

"ကဲ...သွားပို့ချေ၊ သိပ်မှောင်တဲ့ အထိလည်း မနေနဲ့ နော်၊ တော်ကြာ သမီးဖေကြီးက မေးနေဦးမယ်"

"ဟုတ်ကဲ့"

ယဉ်မိုးသူသည် ကြွပ်ကြွပ်အိတ်ကလေးကိုဆွဲကာ ထမင်းစားခန်းထဲမှ ထွက်ခွာသွားသည် ။

အဖေ၏ ချောင်းဆိုးသံသည် အိမ်နှင့် သူ တော်တော်ဝေးသွားသည်

အထိ ကြားနေရပါသည် ။

"ဟင်း...စိတ်မောလိုက်တာ၊ အဖေကလည်း ချောင်းဆိုးတာ ပျောက်ကိုမပျောက်တော့ဘူး"

မကြာခင် ချစ်သူ၏ နေအိမ်ရှေ့သို့ ယဉ်မိုးသူ ရောက်ခဲ့သည် ။

"ဟော...သမီးလေးရောက် လာပြီ၊ လာ...လာ..ညည်းလေးအစ်ကို အခုပဲ သူ့ပစ္စည်းတွေထုပ်ပိုးပြီး ရေချိုးနေလေရဲ့ ၊ ဒါနဲ့ လက်ထဲက ဘာတွေတုန်း"

"ကိုကိုငြိမ်းအတွက် ငါးခြောက်ထောင်းကြော်၊ ငါးပိကြော်နဲ့ သရက်သီးကုလားတည်တွေပါ၊ ဟိုမှာ စားဖို့ လေ"

"ဟာ...ဟုတ်လား၊ အမေလည်း ကြော်ထားသေးတယ်၊ အမေကြော်တာ အမေစားဖို့ ထားလိုက်တော့၊ များ နေပြီ၊ သား...ယဉ်မိုးယူလာတာတွေပဲ ယူသွားလိုက်တော့မယ်"

မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် သူ့ကိုယ်ပေါ်က ရေတွေကိုသုတ်ရင်း သူ့အိပ်ခန်းထဲက ထွက်လာသော ငြိမ်းလွင်ဦးက ပြောလိုက်သည် ။

"ကောင်းရောဟေ့၊ ဒီလိုမှန်းသိ အညှော်ခံပြီး ကြော်မထားပါဘူးနော် "

"ဒေါ်လေးတင် စိတ်ဆိုးသွားပြီး၊ ကိုကိုငြိမ်းကလည်း ဟန်ဆောင်ပန်ဆောင်လေးဖြစ်ဖြစ် ယူသွားလိုက်တာ မဟုတ်ဘူး ၊ အဟင်း...ဟင်း"

"ကိုကိုငြိမ်းက မေမေစားရအောင်လို့ ပြောလိုက်တာပါကွာ၊ ခဏနော်၊ အခုပဲ အဝတ်အစားလဲပြီး ထွက်လာခဲ့မယ်"

ငြိမ်းလွင်ဦး သူ့အိပ်ခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပြန်သည်

။

"ယဉ်မိုးလေး…"

"ရှင်…"

"ညည်းလေးအဖေ နေကောင်းရဲ့ လား"

"ချောင်းပိုဆိုးလာတယ်၊ အဲဒါကြောင့် ယဉ်မိုးရော မေမေလေးရော စိတ်မကောင်း ဖြစ်နေရတယ်"

"အင်း…ကိုမြင့်သူလည်း နာတာရှည်ကြီးကို ဖြစ်နေတော့တာပဲ၊ တော်သေးတာပေ့ါ၊ အနားမှာ ကိုယ်ဖိရင်ဖိ ပြုစုမယ့်သူတွေရှိနေလို့ "

"မေမေလေးက အရမ်းကို ဂရုစိုက်တယ်၊ မေမေလေးက စက်ချုပ်ရ တာတစ်ဖက်နဲ့ ယဉ်မိုးထက်ပိုပင်ပန်းတယ်"

"ဟင်း…မြင့်မြင့်သန်းလိုမိန်းမမျိုးကတော့ ရှားပါတယ်၊ ယဉ်မိုးတို့ သားအဖနဲ့ ပတ်သက်လာရင် အရိုးကြေကြေ အရေခန်းခန်းပဲ၊ သူ့ကိုအ မေတော်ရတာ ညည်းလေးတို့ သားအဖ ကံကောင်းပါတယ်အေ"

"ဟုတ်ပါတယ်၊ အခုလည်း တက္ကသိုလ်တွေဖွင့်ရင် သမီးကို ကျောင်း တက်ပါတဲ့ ၊ သူ စက်ချုပ်ပြီးထားမယ်တဲ့ ဒေါ်လေးတင်ရဲ့ "

"ဒါ…ညည်းလေးအပေါ် မေတ္တာတရား ကြီးမားရှာလို့ ပေ့ါအေ၊ ကဲ… သား လာပြီ၊ နှစ်ယောက်အတူ ထမင်းစားပြီးမှ ပြန်ချင်လည်း ပြန်၊ အ မေခေါင်းရင်းအိမ် ခဏသွားလိုက်ဦးမယ်သား"

"ဟုတ်ကဲ့…အမေ"

ငြိမ်းလွင်ဦးသည် ယဉ်မိုးသူ၏ အနီးတွင် ထိုင်ချလိုက်သည် ။

"မေမေက ချစ်ဖို့ ကောင်းလိုက်တာ"

“အွန်…”

ယဉ်မိုးသူက အံ့ဩဟန်ဖြင့် ချစ်သူ၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

“မောင်နဲ့ ယဉ်မိုး နှစ်ယောက်တည်းစကားပြောဖို့ အခွင့်အရေးပေးသွားတာကို ပြောတာပါ”

“ဩော်…အဟင်း…ဟင်း”

“ယဉ်မိုးလေး…မောင့်ကိုသတိရနေနော်”

“ယဉ်မိုးကိုကော မောင်သတိရနေမှာ လားဟင်”

“ဘယ့်နှယ့်ပြောလိုက်ပါလိမ့် ယဉ်မိုးရယ်၊ မောင့်နှလုံးသွေးထဲမှာ ယဉ်မိုးကိုချစ်တဲ့ အချစ်တွေ စက္ကန့်မလပ် ပျံ့နှံ့စီးဆင်းလည်ပတ်နေတာပါ၊ ဘယ်လိုမေ့နိုင်မှာ လဲကွယ်”

ငြိမ်းလွင်ဦးသည် ယဉ်မိုးသူ၏ လက်ကလေးများကို လက်ဖြင့်အုပ်မိုး၍ ကိုင်ထားနေပြီး အသက်မကချစ်ရသည် များကို နှုတ်က ခရားရေလွှတ်သည် သို့ ပြောနေသည်။ ထိုစကားများက ယဉ်မိုးသူ၏ နှလုံးသွေးထဲသို့ ပျံ့နှံ့စီးဝင်၍ နေပါသည်။

ချစ်ရလွန်းသူနှစ်ဦးအတွက် အချိန်တွေက တိုတောင်းနေပါသည်။

အပြင်လောကတွင် မှောင်ရိပ်သန်းလာသဖြင့် ယဉ်မိုးသူမှာ မခွဲမခွာလိုပဲ ချစ်သူနှင့် ခွဲကာ ပြန်ဖို့ ထိုင်ရာမှ ထလိုက်သည်။

“မောင်လည်း လိုက်ခဲ့မယ်၊ ဦးနဲ့ မေမေလေးကို နှုတ်ဆက်ဖို့ လေ”

နှစ်ဦးသား အိမ်ပေါ်က ဆင်းခဲ့ကြသည်။

“ယဉ်မိုးလေး…”

အေးစက်စက်ဖြစ်နေသော ချစ်သူ၏ လက်ကလေးကို ဆွဲကိုင်ကာ ငြိမ်းလွင်ဦးက ခေါ်လိုက်သည် ။

"ပြောပါမောင်"

"မောင် မရှိရင် အပြင်သိပ်မထွက်နဲ့ နော်၊ သိပ်လှတဲ့ ယဉ်မိုးလေးအတွက် အန္တရာယ်များ တယ်၊ ခုတလော မြို့ပေါ်မှာ ကာလသားတွေကလည်း များ လာတယ်၊ အဖော်မပါဘဲ ဘုရားတွေဆီကိုလည်း မသွားနဲ့ ၊ မောင့်မှာ မတတ်သာလို့ သာ သွားရတယ်၊ ယဉ်မိုးလေးကို လုံးဝစိတ်မချဘူးကွာ"

"စိတ်ချပါမောင်ရယ်၊ ယဉ်မိုး အန္တရာယ်ဖြစ်အောင် မနေပါဘူး၊ မောင် မရှိရင် မေမေလေးနဲ့ ဖေဖေကလည်း အပြင်ပေးထွက်မှာ မဟုတ်ပါဘူး"

"ယဉ်မိုးလေးသူငယ်ချင်း ခင်လှဝေကိုလည်း သတိထားနော်၊ သူ့သတင်း မောင်ကြားတယ်၊ ဟိုလူ့ကို အောင်သွယ်လုပ်လိုက်၊ ဒီလူ့ကို အောင်သွယ်လုပ်လိုက်"

"စိတ်ချပါ၊ သူနဲ့ လည်း ယဉ်မိုးဘယ်မှ မသွားပါဘူး"

အိမ်နှင့် ခပ်ဝေးဝေးဆီကတည်းက ဦးမြင့်သူ၏ ချောင်းဆိုးသံကို ကြားလိုက်ရသည် ။

"ချောင်းဆိုးနေတာ ဦးမဟုတ်လား"

"ဟုတ်တယ်မောင်၊ ခုတလောပိုဆိုးလာတယ်"

"အင်း...ဦးကိုရန်ကုန်ခေါ်သွားပြီး သမားတော်ကြီးတွေနဲ့ ပြနိုင်ရင် ပိုကောင်းမယ်၊ မောင် ကြိုးစားကြည့်မယ်ကွာ၊ ယဉ်မိုးဘာမှ အားမငယ်နဲ့ "

"ဟုတ်ကဲ့ပါမောင်"

ဦးမြင့်သူ ပက်လက်ကုလားထိုင်တွင် ပြန်လှဲရင်း ဧည့်ခန်းထဲသို့ ရောက်ရှိလာသော သူ့သမီးယဉ်မိုးသူနှင့် ငြိမ်းလွင်ဦးကို ကြည့်လိုက်သည် ။

"လာဟေ့...မင်း ခရီးထွက်တော့မလို့ ကြားတယ်"

"ဟုတ်ပါတယ် ဦး၊ မနက်ဖြန်ပဲ ရန်ကုန်ကို သွားတော့မှာ ပါ၊ ဟိုက အကြိုလွှတ်တဲ့ ကား မနက်အစောကြီး ရောက်မယ်လို့ ပြောပါတယ်"

"အေးကွာ...ကြိုးစားရမှာ က ကိုယ့်အပိုင်း၊ ဖြစ်လာတာ မဖြစ်လာတာက ကံတရားပဲ၊ ဒီမှာ ပွဲရုံစာရေးဘဝနဲ့ တော့ တစ်သက်လုံးကြီးပွားလာမှာ မဟုတ်ဘူး "

"ဟုတ်ပါတယ်ဦး"

"မင်းအမေအတွက်လည်း စိတ်ချသွား၊ ဒီမှာ မမြင့်တို့ သမီးတို့ ရှိနေတာပဲ၊ မင်းအဆင်ပြေပါစေလို့ ဦးဆုတောင်းပေးနေမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦး"

"အကြမ်းသောက်ဦး မောင်ငြိမ်းလွင်"

ဒေါ်မြင့်မြင့်သန်းက အကြမ်းဖောက်ထားသော ရေနွေးအိုးထည့်ထားသည့် လင်ပန်းကလေးကို ငြိမ်းလွင်ဦး၏ အနီးသို့ တိုးရွှေ့ပေးလိုက်သည် ။

"အဟွတ်...ဟွတ်...ဟွတ်...အဟွတ်...အဟွတ်..."

"ဦးကလည်း ချောင်းတော်တော်ဆိုးနေတယ်နော်"

"ဟုတ်တယ်၊ အခုတလောပိုဆိုးလာတယ်"

"ကျွန်တော်ဟိုရောက်ရင် ဆရာကောင်း၊ သမားကောင်း စုံစမ်းလာခဲ့

မယ်ဒေါ်လေး”

“နေ…နေ…အဟွတ်…အဟွတ်…မင်းကိစ္စကို မင်းအဆင်ပြေအောင် လုပ်၊ အဟွတ်…အဟွတ်…ဦးကအရေးမကြီးဘူး”

ချောင်းတဟွတ်ဟွတ်ဆိုးနေသည့် ကြားက လက်ကာပြကာ ဦးမြင့်သူက တားလိုက်သည်။

“အဖေ…မောနေတယ်၊ စကားမပြောနဲ့၊ မှိန်းနေလိုက်နော်”

ယဉ်မိုးသူသည် ဖခင်၏ ကိုယ်ကို ပက်လက်ကုလားထိုင်နောက်ကျောတွင် မှီစေလိုက်ပြီး ရင်ဘတ်ကို ဖိထားပေးနေ၏။

“သမီး…မောင်ငြိမ်းလွင်နဲ့ စကားပြောချည်ပါ၊ မေမေလေး သမီးဖေဖေ့ကို ကြည့်ထားပါ့မယ်”

“မမြင့်…ကျုပ်ကို မဒေါင်းလာပေးသွားတဲ့ ဆေးနဲ့ ရေနွေးကလေး တစ်ခွက်လောက်ပေးစမ်းပါ”

“ဟုတ်…ဟုတ်ကဲ့အစ်ကိုကြီး”

ဒေါ်မြင့်မြင့်သန်းသည် ကပျာကယာ အိမ်ခန်းထဲသို့ ဝင်သွားပြီး လျက်ဆားထုပ်ကို ယူလာ၏။

ဆေးဝင်သွားသည့် အခါ ချောင်းဆိုးသက်သာပြီး ဦးမြင့်သူမှိန်းသွားသည်။

ယဉ်မိုးသူက ငြိမ်းလွင်ဦးကို အသာလက်တို့ ပြီး အိမ်ရှေ့ဝရန်တာသို့ ခေါ်ခဲ့သည်။

“ထိုင်ပါမောင်”

ယဉ်မိုးသူသည် ထိုင်ခုံကလေးကို ငြိမ်းလွင်ဦး၏ ရှေ့သို့ ချပေးလိုက်သည် ။

"ဖေဖေ့ရောဂါကို မောင်ဘယ်လိုထင်လဲ"

"ယဉ်မိုးတို့ ပြနေတဲ့ ဆရာကဘာပြောလဲ"

"ရန်ကုန်ကိုသွားပြီး စမ်းသပ်စစ်ဆေးမှုတွေလုပ်ဖို့ အကြံပြုတယ်"

"ဒါဆိုရင်လည်း သွားသင့်တာပေါ့"

"ခက်တာကဖေဖေပဲ၊ ဘယ်မှ မသွားဘူး၊ ဘာဆေးမှ လည်း မကုချင်ဘူးတဲ့ ၊ သူ့အတွက် အကုန်အကျမခံရဘူးလို့ အတင်းချည်း ငြင်းနေတော့တာပဲ"

"အင်း...ဦးကလည်း တစ်ယူသန်သမားကြီးဆိုတော့ ခက်တယ်၊ လူလည်း တော်တော်ကျလာတယ်"

"ဟုတ်တယ်...အဲဒါကိုကြည့်ပြီး ယဉ်မိုးနဲ့ မေမေလေး စိတ်ပူနေကြတာ"

"စိတ်ပူနေရုံနဲ့ မဖြစ်ဘူး၊ သူ့ကို ထိထိရောက်ရောက် ဆေးကုသနိုင်မှဖြစ်မှာ ၊ မောင်ရန်ကုန်ကို ရောက်ရောက်ခြင်း စုံစမ်းပြီးတော့ ချက်ချင်းအကြောင်းပြန်မယ်"

"ကျေးဇူးပါပဲ မောင်ရယ်"

ဒီနေ့တွင် ခွဲခွာရကာနီးချစ်သူနှစ်ယောက် စကားတွေ အများကြီးပြောဖြစ်ခဲ့ကြပါသည် ။ သူတို့ နှစ်ဦးအတွက် ရင်တွင်းစကားတွေကပြောလို့ ပဲမကုန်နိုင်ခဲ့ပါချေ။

နောက်တစ်နေ့တွင် မျက်ရည်တစမ်းစမ်းနှင့် ကျန်ရစ်သော ချစ်သူကို

လက်ကလေးဖော့ရမ်းပြရင်း ငြိမ်းလွင်ဦးတစ်ယောက် ကားပေါ်တွင် လိုက်ပါသွားခဲ့သည် ။

*